# "ဘယ်လိုဗွီဒီယိုဖိုင် ဖြစ်ပါစေ"

Video format တွေများလွန်းလို့ ဗွီဒီယိုတစ်ဖိုင် ရလာရင် အဲဒီဗွီဒီယိုကိုကြည့်ဖို့ player ရှာရ၊ converter ရှာရနဲ့ အလုပ်ရှုပ်တတ်ပါတယ်...။iTinySoft(www.effectmatrix.com/) ကထုတ်လုပ်တဲ့ E.M.Total Video Player 1.31 ကို ဆောင်ထားရင် သူငယ်ချင်းတို့အတွက် ဒီအခက်အခဲတွေ လျော့ပါးသွားပါလိမ့်မယ်။ Total Video Player ဟာ အရွယ်အစား 3.66MB သာဖြစ်ပြီး အခမဲ့ သုံးနိုင်ပါတယ်။ ဘယ်လို format မျိုးတွေ ဖွင့်နိုင်လဲလို့မေးရင်ဗွီဒီယိုအပိုင်းမှာ format ၂၉ မျိုးနဲ့ audio အပိုင်းမှာ format ၂၀ ဖြစ်ပါတယ်။ MP4,3GP,H264,FLV နဲ့ အခြားခေတ်စားတဲ့ video နဲ့ audio format တွေကို အထောက်အကူပြုပါတယ်။ သီးခြား video codecs ထည့်ပေးစရာ မလိုဘူးလို့ဆိုပါတယ်။ Format အသေးစိတ်ကိုတော့ မရေးတော့ပါ...။လက်တွေ့အားဖြင့် FLV နဲ့ 3GP ဖိုင်များကို Total Video Player နဲ့ ဖွင့်ရာမှာ အဆင်ပြေကောင်းမွန်စွာ ကြည့်နိုင်တာကိုတွေ့ရပါတယ်။ ၄င်းဗွီဒီယိုဖိုင်များဟာ Windows Media Player (WMP)နဲ့ တောင်မဖွင့်နိုင်တဲ့ ဖိုင်များဖြစ်ပါတယ်။ ဖွင့်ချင်ရင်လည်း plug-in download ချပြီးမှသာ ဖွင့်နိုင်ပါတယ်။ ဒါဆိုရင် Total Video Player ကို သင်ဆောင်ထားသင့်ပါပြီ။ အခမဲ့ပေးသုံးတာကိုက ကျေးဇူးတင်စရာပါ။ မသိရသေးတဲ့ သူငယ်ချင်းတွေ အတွက် လက်တို့ပေးလိုက်ပါတယ် ...။

